# လူကိုထိခိုက်စေသောမိုင်းများ အသုံးပြုခြင်း၊ သိုလှောင်ထားခြင်း၊ ထုတ်လုပ်ခြင်းနှင့် လွှဲပြောင်းခြင်းတို့ကိုတားမြစ်ခြင်းနှင့် ထိုမိုင်းများ ဖျက်ဆီးပစ်ခြင်းဆိုင်ရာ သဘောတူစာချုပ်

## နိဒါန်း

စာချုပ်အဖွဲ့ဝင်နိုင်ငံများသည်–

အများအားဖြင့် ခလေးသူငယ်များသာဖြစ်သော အကာအကွယ်မဲ့ အပြစ်မဲ့အရပ်သားအများဆုံးပါဝင်သည့် ပြည်သူရာပေါင်းများစွာကို အပတ်စဉ် သေကြေစေသော၊ စီးပွါးရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြန်လည်တည်ဆောက်ရေးကို အဟန့်အတားပြုသော၊ ဒုက္ခသည်များနှင့် ပြည်တွင်း၌အိမ်ရာမဲ့ဖြစ်နေရသူများ ပြန်လည်နေရာချထားရေးကို ခက်ခဲစေခြင်းနှင့် မိုင်းချထားလိုက်ပြီးကတည်းက အခြားအကျိုးအဆက်မျိုးစုံကို ဖြစ်ပေါ်စေသော ဝေဒနာဆိုးများနှင့် ထိခိုက်ဒဏ်ရာရမှုများကို ဆုံးခန်းတိုင်စေရန် စိတ်ပိုင်းဖြတ်လျှက်၊ –

ကမ္ဘာတဝှမ်းလုံး၌ချထားသည့် လူကိုထိခိုက်စေသောမိုင်းများဖယ်ရှားရေးနှင့် ထိုမိုင်းများ သေချာပေါက် ဖျက်ဆီးပစ်ရေးတို့တွင် ကြုံတွေ့ရမည့်အခက်အခဲများကို ထိရောက်သောပူးပေါင်းဆောင်ရွက်မှုဖြင့်ရင်ဆိုင်နိုင်ရေး ၎င်းတို့အနေဖြင့် အတတ်နိုင်ဆုံး ကူညီပံ့ပိုးပေးရန် လိုအပ်သည်ဟု ယုံကြည်ကြလျှက်၊ –

လူမှုရေးနှင့်စီးပွါးရေး ပြန်လည်ထူထောင်ပေးရေး အပါအဝင် မိုင်းဒဏ်ခံရသူ ဝေဒနာရှင်များအား စောင့်ရှောက်ရေးနှင့် ပြန်လည်ပျိုးထောင်ပေးရေး အကူအညီများကို ၎င်းတို့အနေဖြင့် အတတ်နိုင်ဆုံး လုပ်ဆောင်ပေးရန် ဆန္ဒပြုလျှက်၊ –

လူကိုထိခိုက်စေသောမိုင်းများအား အပြီးတိုင်တားဆီးပိတ်ပင်ရေးသည် အရေးကြီးသော ယုံကြည်မှုတည်ဆောက်ရေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးနည်း တခုဖြစ်သည်ဟု အသိအမှတ်ပြုလျှက်၊ –

စိတ်ပိုင်းဆိုင်ရာအရ ထိခိုက်မှုရှိစေသည့် သို့မဟုတ် လူကိုနည်းမျိုးစုံဖြင့်သက်ရောက်မှုရှိစေနိုင်သည့် ကန့်သတ်ခံရသော သာမန်စစ်လက်နက်များ အသုံးပြုမှုအပေါ် တားမြစ်ခြင်းနှင့် ကန့်သတ်ခြင်းများဆိုင်ရာ သဘောတူစာချုပ်[၁] တွင် ပူးတွဲဖော်ပြထားသည့် ၁၉၉၆ခုနှစ် မေလ (၃)ရက်နေ့တွင် ပြင်ဆင်ဖြည့်စွက်ချက်ပြုလုပ်သော မိုင်းဗုံးများ၊ ထောင်ချောက်မိုင်းများ နှင့် အခြားအစိတ်အပိုင်းများအသုံးပြုမှုအပေါ် ကန့်သတ်ခြင်း သို့မဟုတ် တားမြစ်ခြင်းဆိုင်ရာ နောက်ဆက်တွဲ သဘောတူညီချက်[၂] အား အတည်ပြုခြင်းကို ကြိုဆို၍၊ ထိုနောက်ဆက်တွဲသဘောတူညီချက်အား အတည်ပြုခြင်းမရှိသေးသောနိုင်ငံများ အမြန်ဆုံးအတည်ပြုရန် နှိုးဆော်လျှက်၊ –

လူကိုထိခိုက်စေသောမိုင်းများ အသုံးပြုခြင်း၊ သိုလှောင်ထားရှိခြင်း၊ ထုတ်လုပ်ခြင်း၊ လွှဲပြောင်းခြင်းများကို တားမြစ်ရန်ထိရောက်သည့် ဥပဒေအာနိသင်ရှိမည့် အပြည်ပြည်ဆိုင်ရာသဘောတူညီချက်တရပ် တည်ထောင်ရေးလုပ်ဆောင်ကြရန် နိုင်ငံအားလုံးကို ခိုင်ခိုင်မာမာ တိုက်တွန်းထားသည့် ၁၉၉၆ခုနှစ် ဒီဇင်ဘာလ(၁၀)ရက်နေ့ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေ ညီလာခံဆုံးဖြတ်ချက်အမှတ် ၅၁/၄၅ (ဓ) အားကြိုဆိုလျှက်၊ –

---

[1] Convention on Probitions of Restrictions on the Use of Certain Conventioanl Waepons Which May Be Deemed to Be Excessively Injourious or to Have Indiscrimate Effects

[2] Protocol on Prohibition or Restrictions on the Use of Mines, Body-Trap and Other Devices

လူကိုထိခိုက်စေသောမိုင်းများအား အသုံးပြုမှု၊ သိုလှောင်ထားမှု၊ ထုတ်လုပ်မှု နှင့်လွှဲပြောင်းပေးမှုများအား တားမြစ်ရေး၊ ကန့်သတ်ရေး သို့မဟုတ် လျှော့ချရေး ရည်ရွယ်လျက် တဦးတည်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ လုပ်ဆောင်ခဲ့သော လွန်ခဲ့သည့်နှစ်များက အရေးယူဆောင်ရွက်မှုများကိုလည်း ထပ်ဆင့်ကြိုဆိုလျက်၊ –

လူကိုထိခိုက်စေသောမိုင်းများ အပြည့်အဝတားဆီးရေးတောင်းဆိုချက်များမှ ရရှိလာသော အတွေ့အကြုံများအရ လူသားအခြေခံမူဝါဒများ မြှင့်တင်ရေး ပြည်သူ့တို့၏အသိစိတ်ဓါတ် အရေးပါမှုအား အထူးဦးစားပေး၍၊ ထိုရည်ရွယ်ချက် အထမြောက်အောင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့နှင့် လခြမ်းနီလှုပ်ရှားမှုအဖွဲ့၊ မြေမြှုပ်မိုင်းတားဆီးရေး အပြည်ပြည်ဆိုင်ရာလှုပ်ရှားမှု၊ နှင့် ကမ္ဘာတဝှမ်းမှ အစိုးရမဟုတ်သော အခြားအဖွဲ့အစည်းများ၏ စွမ်းဆောင်အားထုတ်မှုများအား အသိအမှတ်ပြုလျက်၊ –

၁၉၉၆ခုနှစ် အောက်တိုဘာလ(၅)ရက်၊ အော်တဝါကြေညာချက်နှင့် လူကိုထိခိုက်စေသောမိုင်းများ အသုံးပြုမှု၊ သိုလှောင်ထားမှု၊ ထုတ်လုပ်မှုနှင့် လွှဲပြောင်းမှုအား တားမြစ်မည့် ဥပဒေအာနိသင်ရှိသော အပြည်ပြည်ဆိုင်ရာ သဘောတူချက် တရပ်ရရှိအောင် ညှိနှိုင်းဆောင်ရွက်ကြရန် နိုင်ငံတကာအသိုင်းအဝိုင်းအား တိုက်တွန်းထားသည့် ၁၉၉၇ခုနှစ် ဇွန်လ (၂၇) ရက်နေ့ ဘရာဆယ်ကြေညာချက်အား ပြန်လည်သတိပေးနှိုးဆော်လျက်၊ –

နိုင်ငံအားလုံး ဤသဘောတူစာချုပ်ကို လိုက်နာလိုသော ဆန္ဒသဘောထားများရှိလာရေးကို အာရုံစိုက်၍၊ ကမ္ဘာ့ကုလသမဂ္ဂ၊ လက်နက်ဖျက်သိမ်းရေးညီလာခံ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့်အုပ်စုများ၊ နှင့်စိတ်ပိုင်းဆိုင်ရာအရ ထိခိုက်မှုရှိစေသည့် သို့မဟုတ် လူကိုနည်းမျိုးစုံဖြင့်သက်ရောက်မှုရှိစေနိုင်သည့် ကန့်သတ်ခံရသော သာမန်စစ်လက်နက်များ အသုံးပြုမှုအပေါ် တားမြစ်ခြင်းနှင့် ကန့်သတ်ခြင်းများဆိုင်ရာ သဘောတူစာချုပ်၏ ပြန်လည်သုံးသပ်ရေး ညီလာခံများ အပါအဝင် နည်းလမ်းမျိုးစုံဖြင့် ဤသဘောတူစာချုပ်အား အပြည်ပြည်ဆိုင်ရာအဆင့်အတန်းသို့ မြှင့်တင်ရေးဦးတည်၍ စွမ်းအားပြည့်အလုပ်လုပ်ကြရန် စိတ်ပိုင်းဖြတ်လျက်၊ –

လက်နက်ကိုင်ပဋိပက္ခတွင်ပါဝင်နေသူများအနေဖြင့် စစ်ဆင်ရေးနည်းလမ်းနှင့် စစ်ဆင်ရေး စနစ်များရွေးချယ်နိုင်သော အခွင့်အရေးမှာ အကန့်အသတ်မဲ့သည့် အခွင့်အရေးမဟုတ်ဟူသော အပြည်ပြည်လူသားဝါဒဥပဒေမူ၊ အလွန်အကျွံ သို့မဟုတ် မလိုအပ်ပဲ ထိခိုက်ခံစားစေသော သဘာဝရှိသည့် စစ်ဆင်မှုနည်းလမ်းများ၊ ပစ္စည်းများ၊ အစီအမံများ၊ စစ်လက်နက်များ လက်နက်ကိုင် ပဋိပက္ခအတွင်း အသုံးချခြင်းကို တားမြစ်သောမူ၊ နှင့် စစ်ပွဲ၌ပါဝင်တိုက်ခိုက်နေသူများနှင့် အရပ်သားများအကြား ခွဲခြားထားမှုရှိရမည်ဟူသောမူများအပေါ် အခြေခံလျက်၊ –

အောက်ပါအတိုင်း သဘောတူညီကြသည်။

## ပုဒ်မ(၁) – အထွေထွေတာဝန်ရှိမှုများ

၁။ မည်သည့်အခြေအနေအောက်တွင်မဆို စာချုပ်အဖွဲ့ဝင်နိုင်ငံတိုင်း အောက်ပါတို့ကို မည်သို့မျှလုပ်ဆောင်မည်မဟုတ်ကြောင်း တာဝန်ယူသည်။

(က) လူကိုထိခိုက်စေသော မိုင်းများအသုံးပြုခြင်း၊
(ခ) လူကိုထိခိုက်စေသောမိုင်းများကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း တည်ထွင်ခြင်း၊ ထုတ်လုပ်ခြင်း၊ တနည်းနည်းစမ်းသပ်မှုပြုလုပ်ခြင်း၊ သိုလှောင်ထားခြင်း၊ လက်ဝယ်ထားရှိခြင်း သို့မဟုတ် တစုံတယောက်ထံ လွှဲပြောင်းခြင်း၊
(ဂ) ဤသဘောတူညီချက်၏ အဖွဲ့ဝင်နိုင်ငံခုအနေဖြင့် မလုပ်ရန် တားမြစ်ထားသော လုပ်ရပ်တခုခု၌ တစုံတယောက်က ပါဝင်ပတ်သက်မှုရှိရန် တနည်းနည်းဖြင့် ကူညီခြင်း၊ အားပေးအားမြှောက်ပြုခြင်း။

၂။ ဤသဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ လူကိုထိခိုက်စေသောမိုင်းများ ဖျက်သိမ်းရေး လုပ်ဆောင်ရန် သို့မဟုတ် ဖျက်ဆီးပစ်ရန် စာချုပ်အဖွဲ့ဝင်နိုင်ငံတိုင်း တာဝန်ယူသည်။

## ပုဒ်မ(၂) အဓိပ္ပါယ်ဖွင့်ဆိုချက်များ

၁။ **လူကိုထိခိုက်စေသောမိုင်း–** ဆိုသည်မှာ လူတယောက် သို့မဟုတ် အများကို သေစေရန်သော်လည်းကောင်း၊ ထိခိုက်ဒဏ်ရာရစေရန်သော်လည်းကောင်း၊ မသန်မစွမ်းဖြစ်စေရန်လည်းကောင်း လူပုဂ္ဂိုလ်နီးကပ်လျှင် သို့မဟုတ် ထိတွေ့လျှင် သို့မဟုတ် တက်နင်းမိလျှင်ပေါက်ကွဲစေရန် စီမံထားသောမိုင်းဗုံးကိုခေါ်သည်။ သယ်ယူပို့ဆောင်ရေး ယာဉ်များ တက်ဖိမိလျှင် သို့မဟုတ် နီးကပ်လျှင် သို့မဟုတ် ထိတွေ့လျှင် ပေါက်ကွဲမှုစတင်ဖြစ်စေရန် စီစဉ်ထားသော ကိုင်တွယ်မှုဟန့်တားကရိယာများဖြင့် တပ်ဆင်ထားသည့် မိုင်းဗုံးများကို ထိုသို့တပ်ဆင်ထားခြင်းကြောင့် လူကိုထိခိုက်စေသောမိုင်းအဖြစ် မသတ်မှတ်ပေ။

၂။ **မိုင်းဗုံး ဆိုသည်မှာ–** မြေမျက်နှာပြင်အောက်တွင် မြှုပ်ထား၍၊ သို့မဟုတ် ကပ်ထား၍ သို့မဟုတ် အခြားသော မျက်နှာပြင်တခုခုတွင် ကပ်ထား၍ လူပုဂ္ဂိုလ်သော်လည်းကောင်း၊ သယ်ယူပို့ဆောင်ရေးယာဉ်သော်လည်းကောင်း တက်နင်းမိလျှင် သို့မဟုတ် နီးကပ်လျှင် သို့မဟုတ် ထိတွေ့လျှင် ပေါက်ကွဲစေရန် စီမံထားသော စစ်သုံးလက်နက် တမျိုးဖြစ်သည်။

၃။ **ကိုင်တွယ်မှုဟန့်တားကရိယာ –** ဆိုသည်မှာ မိုင်းဗုံး၏ အစိတ်အပိုင်းတခုအဖြစ် သို့မဟုတ် မိုင်းဗုံးနှင့် ဆက်စပ်၍ မိုင်းဗုံးအောက်နားတွင် တပ်ဆင်ထားပြီး၊ မိုင်းဗုံးကို ရည်ရွယ်ချက်ဖြင့် သို့မဟုတ် တနည်းနည်းဖြင့် ပျက်စီးအောင် လုပ်သောအခါ အသက်ဝင်လှုပ်ရှားသော မိုင်းဗုံးကိုကာကွယ်ရန် ရည်ရွယ်ပြုလုပ်ထားသည့် ကရိယာတမျိုးဖြစ်သည်။

၄။ **လွှဲပြောင်းခြင်း–** ဟုဆိုရာတွင် နိုင်ငံတခု၏ နယ်မြေအတွင်းမှ သို့မဟုတ် အတွင်းသို့လူကိုထိခိုက်စေသော မိုင်းများကို ကိုယ်ထည်ရွေ့လျားစေမှုအပြင်၊ လူကိုထိခိုက်စေသောမိုင်းများပိုင်ဆိုင်မှုနှင့် ထိမ်းချုပ်မှု လွှဲပြောင်းခြင်းများလည်းပါဝင်သည်၊ သို့သော် လူကိုထိခိုက်စေသောမိုင်းများထောင်ထားသည့် နယ်မြေလွှဲပြောင်းမှုများ အကျုံးမဝင်ချေ။

၅။ **မိုင်းခင်းထားသောနယ်မြေ–** ဆိုသည်မှာ မိုင်းများချထားသည်ဟု သံသယရှိသော သို့မဟုတ် မိုင်းများရှိခြင်းကြောင့် အန္တရယ်ရှိသော နယ်မြေများကို ဆိုသည်။

## ပုဒ်မ(၃)– ခြွင်းချက်များ

၁။ ပုဒ်မ (၁)တွင် ဖေါ်ပြထားသော အထွေထွေ တာဝန်ရှိမှုများနှင့် ဆန့်ကျင်မှုမရှိစေပဲ မိုင်းဗုံးများရှာဖွေဖေါ်ထုတ်ရေး၊ ရှင်းလင်းရေး သို့မဟုတ် မိုင်းဗုံးဖျက်ဆီးရေးနည်းနာများအတွက် သင်တန်းလုပ်ဆောင်ရန် ရည်ရွယ်ချက်ဖြင့် လူကိုထိခိုက်စေသောမိုင်းများ အရေအတွက်တခုအထိ လွှဲပြောင်းပေးခြင်း သို့မဟုတ် ထိမ်းသိမ်းထားခြင်းကို ခွင့်ပြုသည်။ ထိုသို့ခွင့်ပြုနိုင်သည့် လူကိုထိခိုက်စေသော မိုင်းအရေအတွက်သည် အထက်၌ဖေါ်ပြထားသော ရည်ရွယ်ချက်အတွက် လိုအပ်သောအရေအတွက်ထက် ကျော်လွန်ခြင်းမရှိစေရ။

၂။ ဖျက်ဆီးရန်ရည်ရွယ်ချက်ဖြင့် လူကိုထိခိုက်စေသောမိုင်းများ လွှဲပြောင်းမှုကို ခွင့်ပြုသည်။

## ပုဒ်မ (၄)– သိုလှောင်ထားသည့် လူကိုထိခိုက်စေသောမိုင်းများကိုဖျက်ဆီးခြင်း

ပုဒ်မ(၃) ပြဋ္ဌာန်းချက်ပါမိုင်းများမှအပ အဖွဲ့ဝင်နိုင်ငံများ မိမိပိုင်ဆိုင်သော သို့မဟုတ် လက်ဝယ်ရှိနေသော သိုလှောင်ထားသည့် သို့မဟုတ် မိမိနိုင်ငံစီရင်ပိုင်ခွင့် သို့မဟုတ် ထိမ်းချုပ်မှုအောက်တွင် ရှိနေသည့် လူကိုထိခိုက်စေသောမိုင်းများကို ဤသဘောတူစာချုပ်၏ အဖွဲ့ဝင်ဖြစ်သော နိုင်ငံတခုအတွက် စာချုပ်စတင်အသက်ဝင်လာသောကာလမှစ၍ (၄)နှစ်ထက် နောက်မကျစေပဲ ဖြစ်နိုင်သမျှအမြန်ဆုံး ဖျက်ဆီးရေးလုပ်ဆောင်ရန် သို့မဟုတ် ဖျက်ဆီးပစ်ရန် စာချုပ်အဖွဲ့ဝင်နိုင်ငံတိုင်းက တာဝန်ယူသည်။

## ပုဒ်မ(၅)– မိုင်းခင်းထားသောနယ်မြေများမှ လူကိုထိခိုက်စေသောမိုင်းများကိုဖျက်ဆီးပစ်ခြင်း

၁။ မိမိနိုင်ငံစီရင်ပိုင်ခွင့် သို့မဟုတ် ထိမ်းချုပ်မှုအောက်တွင် ရှိနေသည့် လူကိုထိခိုက်စေသောမိုင်းများကို ဤသဘောတူစာချုပ်၏ အဖွဲ့ဝင်ဖြစ်သော နိုင်ငံတခုအတွက် စာချုပ်စတင်အသက်ဝင်လာသောကာလမှစ၍ (၁၀)နှစ်ထက် နောက်မကျစေပဲ ဖြစ်နိုင်သမျှ အမြန်ဆုံး ဖျက်ဆီးရေးလုပ်ဆောင်ရန် သို့မဟုတ် ဖျက်ဆီးပစ်ရန် အဖွဲ့ဝင်နိုင်ငံတိုင်းက တာဝန်ယူသည်။

၂။ လူကိုထိခိုက်စေသောမိုင်းများ ချထားသည်ဟုသိသော သို့မဟုတ် သံသယရှိသော မိမိနိုင်ငံစီရင်ပိုင်ခွင့် အောက်ရှိနယ်မြေများ သို့မဟုတ် ထိမ်းချုပ်နယ်မြေများအားလုံးကို မိုင်းရှိနယ်မြေအဖြစ်သတ်မှတ်ရန် အားထုတ်မှုအားလုံး လုပ်ဆောင်သွားရန် အဖွဲ့ဝင်နိုင်ငံတိုင်း တာဝန်ယူသည်။ ထို့အပြင် မိမိနိုင်ငံစီရင်ပိုင်ခွင့်အတွင်း သို့မဟုတ် ထိမ်းချုပ်မှုအောက်တွင်ရှိသော လူကိုထိခိုက်စေသောမိုင်းများခင်းထားသည့်နယ်မြေများအား ကန့်သတ်နယ်မြေများအဖြစ် ဖြစ်နိုင်သမျှအမြန်ဆုံး မှတ်သားခြင်း၊ အနီးကပ်စောင့်ကြည့်ခြင်းနှင့် ကန့်သတ်နယ်မြေအဖြစ် ကာကွယ်ထားခြင်း သို့မဟုတ် အခြားနည်းလမ်းများဖြင့် ကာကွယ်ခြင်း၊ ထိုမိုင်းခင်းနယ်မြေရှိ လူကိုထိခိုက်စေသောမိုင်းများအားလုံး ဖျက်ဆီးပြီးသည်အထိ အရပ်သားများကို ထိုနေရာမှ ထိရောက်စွာ ဖယ်ရှားထားရေးများကိုလည်း လုပ်ဆောင်ရမည်။ အမှတ်အသားပြုလုပ်ထားချက်များသည် ၁၉၉၆ ခုနှစ် မေလ (၃)ရက်နေ့တွင် ပြင်ဆင်ဖြည့်စွက်ချက်ပြုလုပ်သည့် မိုင်းဗုံးများ၊ ထောင်ချောက်မိုင်းများနှင့် အခြားအစိတ်အပိုင်းများ အသုံးပြုမှုအပေါ် ကန့်သတ်ခြင်း သို့မဟုတ် တားမြစ်ခြင်းဆိုင်ရာ နောက်ဆက်တွဲသဘောတူညီချက်ပါ စံသတ်မှတ်ချက်များကို ပြည့်မှီရမည်။ ထိုနောက်ဆက်တွဲသဘောတူညီချက်သည် စိတ်ပိုင်းဆိုင်ရာအရ ထိခိုက်မှုရှိစေသည့် သို့မဟုတ် လူကိုနည်းမျိုးစုံဖြင့်သက်ရောက်မှုရှိစေနိုင်သည့် ကန့်သတ်ခံရသော သာမန်စစ်လက်နက်များ အသုံးပြုမှုအပေါ် တားမြစ်ခြင်းနှင့် ကန့်သတ်ခြင်းများဆိုင်ရာ သဘောတူစာချုပ်၏ နောက်ဆက်တွဲဖြစ်သည်။

၃။ အပိုဒ်ခွဲ (၁)တွင် ပြဋ္ဌာန်းထားသကဲ့သို့ အဖွဲ့ဝင်နိုင်ငံတခုအနေဖြင့် လူကိုထိခိုက်စေသောမိုင်းများ ဖျက်ဆီးရေးလုပ်ဆောင်ခြင်း သို့မဟုတ် ဖျက်သိမ်းပစ်ခြင်းတို့ကို ထိုသတ်မှတ်ကာလအတွင်း မစွမ်းဆောင်နိုင်ပါက၊ စာချုပ်အဖွဲ့ဝင်နိုင်ငံများ အစည်းအဝေး သို့မဟုတ် ပြန်လည်သုံးသပ်ရေးညီလာခံသို့ လူကိုထိခိုက်စေသောမိုင်းများ အပြည့်အဝဖျက်သိမ်းရေး နောက်ဆုံးသတ်မှတ်ရက်အတွက် အများဆုံးသက်တမ်းကာလ (၁၀)နှစ်တိုးချဲ့ပေးရန် ထိုနိုင်ငံက တင်ပြနိုင်သည်။

၄။ တောင်းခံချက်စာတိုင်းတွင် အောက်ပါအချက်များ ပါဝင်စေရမည်။

(က) တိုးချဲ့ပေးရန် အဆိုပြုသော ကာလသက်တမ်း၊

(ခ ) ထိုကာလတိုးချဲ့ပေးရန်နှင့် ပတ်သက်သော အောက်ပါတို့ အပါအဝင် အကြောင်းပြချက် အသေးစိတ်၊

(၁) မိမိနိုင်ငံ၏ စီစဉ်မှုအောက်တွင် ဆောင်ရွက်ခဲ့သော မိုင်းဖယ်ရှားရေး လုပ်ဆောင်မှု အခြေအနေနှင့် ပြင်ဆင်မှုများ၊

(၂) လူကိုထိခိုက်စေသောမိုင်းများ ဖျက်သိမ်းရေးလုပ်ဆောင်ရန်အတွက် စာချုပ်အဖွဲ့ဝင်နိုင်ငံအတွက် ဘဏ္ဍာရေးနှင့် နည်းပညာ ရရှိနိုင်သော နည်းလမ်းများ၊ နှင့်

(၃) မိုင်းခင်းနယ်ထားသောမြေများတွင်ရှိသည့် လူကိုထိခိုက်စေသည့်မိုင်းများအားလုံး ဖျက်သိမ်းရေးလုပ်ဆောင်ရာတွင် စာချုပ်အဖွဲ့ဝင်နိုင်ငံ၏ စွမ်းဆောင်နိုင်မှုကို အဟန့်အတားဖြစ်စေသော အခြေအနေများ၊

(ဂ ) အချိန်ကာလတိုးချဲ့ခြင်းကြောင့် ဖြစ်လာနိုင်သော လူသားအရေး၊ လူမှုရေး၊ စီးပွါးရေးနှင့် သဘာဝပတ်ဝန်းကျင်ရေးရာ ရှုတ်ထွေးမှုများ၊ နှင့်

(ဃ) ကာလသက်တမ်းတိုးချဲ့ရေးခံချက်နှင့် ပတ်သက်မှုရှိသော သတင်းအချက်အလက်များ။

၅။ အထက် အပိုဒ် (၄)ပါ အချက်များကို ထည့်သွင်းစဉ်းစား၍ စာချုပ်အဖွဲ့နိုင်ငံများအစည်းအဝေး သို့မဟုတ် ပြန်လည်သုံးသပ်ရေးညီလာခံမှ တောင်းခံချက်ကို သုံးသပ်ရမည်။ ကာလသက်တမ်း တို့ချဲ့ပေးခြင်း ခွင့်ပြုမပြုကို အစည်းအဝေးတက်ရောက်နေသော အဖွဲ့ဝင်နိုင်ငံအများစုမဲဖြင့် ဆုံးဖြတ်ချက် ချမှတ်ရမည်။

၆။ ဤပုဒ်မ အပိုဒ် (၃)၊ (၄)နှင့် (၅) ပြဋ္ဌာန်းချက်များနှင့်အညီ ကာလသတ်တမ်းတိုးချဲ့ရေး တောင်းဆိုချက် အသစ်ထပ်မံပြုလုပ်လာပါက ကာလသက်တမ်းတိုးချဲ့ပေးခြင်းကို ပြန်လည်သတ်မှတ်ပေးနိုင်သည်။ ကာလတို့ချဲ့ပေးရန် ထောက်ခံချက်ကို စာချုပ်အဖွဲ့ဝင်နိုင်ငံက ထပ်မံပြုလုပ်သောအခါတွင် ယခင်က တိုးချဲ့ပေးခဲ့သော ကာလအတွင်း မည့်သည့်အရာများ ဆောင်ရွက်ပြီးစီးခဲ့ကြောင်းနှင့် ပတ်သက်သော နောက်ဆက်တွဲ သတင်းအချက်အလက်များကို ထပ်မံတင်ပြရမည်။

## ပုဒ်မ(၆)– အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် အကူအညီ

၁။ ဤသဘောတူညီမှုရှိ တာဝန်များကို ဖြည့်ဆည်းဆောင်ရွက်ရာတွင် အခြားသော စာချုပ်အဖွဲ့ဝင်နိုင်ငံများထံမှ ဖြစ်နိုင်သမျှသောအတိုင်းအတာအထိ ရရှိနိုင်သော အကူအညီများ တောင်းခံခြင်း၊ လက်ခံခြင်းကို စာချုပ်အဖွဲ့ဝင်နိုင်ငံက ဆောင်ရွက်နိုင်ခွင့်ရှိသည်။

၂။ ဤသဘောတူညီချက်ကို အကောင်အထည်ဖေါ်ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ ပစ္စည်းကရိယာများ၊ ရုပ်ဝတ္ထု၊ သိပ္ပံနှင့် နည်းပညာဆိုင်ရာ သတင်းအချက်အလက်များ ပြည့်ပြည့်စုံစုံ ဖလှယ်ရေး အစီအစဉ်ကို တိုးမြှင့်ပေးရန် စာချုပ်အဖွဲ့ဝင်နိုင်ငံတိုင်း တာဝန်ယူသည်၊ ထိုအစီအစဉ်တွင် ပါဝင်နိုင်သော အခွင့်အရေးလည်းရှိသည်။ မိုင်းရှင်းလင်းရေးပစ္စည်းကရိယာများနှင့် မိုင်းရှင်းလင်းရေးနှင့်ပတ်သက်နေသော နည်းပညာဆိုင်ရာ သတင်းအချက်အလက်များအပေါ် ကန့်သတ်သည့် မဆီလျော်သော ပြဋ္ဌာန်းချက်များကို စာချုပ်အဖွဲ့ဝင်နိုင်ငံများက မပြုလုပ်ရ။

၃။ အထက်ပါလုပ်ငန်းစဉ်တွင် ပါဝင်ရန်ရှိသော စာချုပ်အဖွဲ့ဝင်နိုင်ငံတိုင်းသည် မိုင်းဒဏ်ခံရသူများ ကျန်းမာရေးစောင့်ရှောက်ခြင်းနှင့် ပြန်လည်ပြုစုပျိုးထောင်ခြင်း၊ လူမှုရေးနှင့် စီးပွါးရေးပြန်လည်နလံထူရေးနှင့် မိုင်းအကြောင်းအသိပညာမြှင့်တင်ရေး အစီအစဉ်များအတွက် အကူအညီများ ထောက်ပံ့ပေးနိုင်သည်။ ထိုသို့သောအကူအညီများကို ကမ္ဘာ့ ကုလသမဂ္ဂလုပ်ငန်းစနစ်၊ နိုင်ငံတကာ၊ ဒေသဆိုင်ရာနှင့် နိုင်ငံအတွင်းရှိ အဖွဲ့အစည်းများ၊ ဌာနများ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့၊ အမျိုးသားကြက်ခြေနီအဖွဲ့နှင့် လခြမ်းနီလုပ်ရှားမှုအဖွဲ့များနှင့် ၎င်းတို့၏ အပြည်ပြည်ဆိုင်ရာ မဟာမိတ်အဖွဲ့များနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများမှတဆင့်သော်လည်းကောင်း အကူအညီရယူမည့်နိုင်ငံနှင့် အပြန်အလှန် ဆက်ဆံမှုမှတဆင့်သော်လည်းကောင်း ပေးအပ်နိုင်သည်။

၄။ အထက်ပါလုပ်ငန်းစဉ်တွင် ပါဝင်ရန်ရှိသော စာချုပ်အဖွဲ့ဝင်နိုင်ငံတိုင်းသည် မိုင်းရှင်းလင်းရေးနှင့် ၎င်းနှင့် ဆက်စပ်နေသော လှုပ်ရှားမှုများအတွက် အကူအညီများပေးနိုင်သည်။ ထိုသို့သောအကူအညီများကို ကမ္ဘာ့ကုလသမဂ္ဂလုပ်ငန်းစနစ်၊ နိုင်ငံတကာနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ သို့မဟုတ် ဌာနများမှ သော်လည်းကောင်း၊ အကူအညီရယူမည့်နိုင်ငံနှင့် အပြန်အလှန် ဆက်ဆံမှုမှတဆင့်လည်း

ကောင်း ကုလသမဂ္ဂလက်အောက်ခံမိုင်းရှင်းလင်းမှုအကူအညီပေးရေးရံပုံငွေအဖွဲ့[3] သို့မဟုတ် မိုင်းဖယ်ရှားရေး လုပ်ငန်းအတွက် အကူအညီပေးနေသောအဖွဲ့များ သို့အလှူပါဝင်ခြင်း မှတဆင့်သော်လည်းကောင်း ပေးအပ်နိုင် သည်။

၅။ အထက်ပါလုပ်ငန်းစဉ်တွင် ပါဝင်ရန်ရှိသော စာချုပ်အဖွဲ့ဝင်နိုင်ငံတိုင်းသည် သိုလှောင်ထားသည့် လူကိုထိခိုက်စေ သောမိုင်းများ ဖျက်ဆီးရေးအတွက် အကူအညီများ ပေးအပ်နိုင်သည်။

၆။ စာချုပ်အဖွဲ့ဝင်နိုင်ငံတိုင်းသည် ကုလသမဂ္ဂလုပ်ငန်းစနစ်အောက်တွင် တည်ထောင်ထားရှိသော မိုင်းရှင်းလင်းရေး သတင်းအချက်အလက် စုဆောင်းရာဌာနသို့ သတင်းအချက်အလက်များပေးပို့ရန် တာဝန်ယူသည်။ အထူးသ ဖြင့် မိုင်းရှင်းလင်းရေးနည်းပညာနှင့် နည်းလမ်းများနှင့် ပတ်သက်သော သတင်းအချက်အလက်များ၊ ကျွမ်းကျင်သူ ပညာရှင်များစာရင်း၊ အထူးကျွမ်းကျင်သူပညာရှင်များရှိရာဌာနများ သို့မဟုတ် မိုင်းရှင်းလင်းရေးနှင့် ပတ်သက် သော ဆက်သွယ်ရေးဆုံးချက်များ ပါဝင်သည့် သတင်းအချက်အလက်များကို ပေးပို့ရန် တာဝန်ယူသည်။

၇။ စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် မိုင်းဖယ်ရှားရေးအစီအစဉ် ချမှတ်ရာ၌ အောက်ဖော်ပြပါကိစ္စများကို ထိရောက်စွာ သတ်မှတ်နိုင်ရေးအတွက် မိမိနိုင်ငံမှ အာဏာပိုင်များကို ကူညီရန် ကမ္ဘာ့ကုလသမဂ္ဂ၊ ဒေသဆိုင်ရာအဖွဲ့အ စည်းများ၊ အခြားသော စာချုပ်အဖွဲ့ဝင်နိုင်ငံများထံမှသော်လည်းကောင်း၊ အရည်အသွေး ပြည့်ဝသည့် အစိုးရ များဖြင့်ဖွဲ့စည်းထားသောအဖွဲ့နှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများထံမှသော်လည်းကောင်း အကူအညီများ တောင်းခံနိုင်သည်။

(က) လူကိုထိခိုက်စေသောမိုင်းများအန္တရာယ်ပမာဏနှင့် တာသွားမှု၊
(ခ) အစီအစဉ် အကောင်အထည်ဖော်ရန်အတွက်လိုအပ်သော ဘဏ္ဍာရေး၊ နည်းပညာနှင့် လူသားအရင်း အမြစ်များ၊
(ဂ) သက်ဆိုင်ရာစာချုပ်အဖွဲ့ဝင်နိုင်ငံ၏ စီရင်ပိုင်ခွင့် သို့မဟုတ် ထိမ်းချုပ်မှုအောက်တွင်ရှိနေသော မိုင်းခင်း နယ်မြေများမှ လူကိုထိခိုက်စေသောမိုင်းများဖျက်ဆီးပစ်ရန် နှစ်ပေါင်းမည်မျှလိုအပ်မည့်အကြောင်း ခန့် မှန်းခြေ၊
(ဃ) မိုင်းကြောင့်ဖြစ်ရသောထိခိုက်ဒဏ်ရာရမှုနှင့် သေဆုံးမှုကိုလျော့ချနိုင်ရန် မိုင်းအကြောင်း အသိပညာပေး လှုပ်ရှားမှုများ၊
(င) မိုင်းဒဏ်ခံရသူများအတွက်အကူအညီများ၊
(စ) အစီအစဉ်အကောင်အထည်ဖော်မှုတွင် ပါဝင်လုပ်ဆောင်ကြမည့် သက်ဆိုင်ရာ အစိုးရဌာနများ၊ အစိုးရ များ၏ဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာ စာချုပ်အဖွဲ့ဝင်နိုင်ငံ၏ အစိုးရ တို့အကြား ဆက်ဆံရေး။

၈။ ဤပုဒ်မပါပြဋ္ဌာန်းချက်များအရ အကူအညီပေးသောစာချုပ်အဖွဲ့ဝင်နိုင်ငံနှင့် လက်ခံသော စာချုပ်အဖွဲ့ဝင်နိုင်ငံ တိုင်းသည် အကူအညီပေးရေးသဘောတူညီချက်တွင် ပါဝင်သည့်အတိုင်း အပြည့်အဝနှင့် အလျှင်အမြန် အ ကောင်အထည်ဖော်ရေးဟူသော ခံယူချက်ဖြင့် ပူးပေါင်းဆောင်ရွက်ရမည်။

## ပုဒ်မ(၇)– ပွင့်လင်းသောအရေးယူဆောင်ရွက်ရေးနည်းလမ်းများ

၁။ စာချုပ်အဖွဲ့ဝင်နိုင်ငံတိုင်းသည် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ထံသို့ စာချုပ်စတင်အသက်ဝင် လာသောအချိန်မှစ၍ ရက်ပေါင်း (၁၈၀) ထက်နောက်မကျပဲ အမြန်ဆုံးဖြစ်မည့် လက်တွေ့ကျသော အချိန်ကာ လအတွင်း အောက်ပါအကြောင်းအရာများအကြောင်း အစီရင်ခံစာတင်သွင်းရမည်။

(က) ပုဒ်မ (၉)တွင် ပြဋ္ဌာန်းပါရှိသော မိမိနိုင်ငံ၏ လုပ်ငန်းအကောင်အထည်ဖော်ရေးနည်းနာများ၊

[3] United Nations Voluntary Trust Fund for Assistance in Mine Clerarence.

(ခ) ၎င်းပိုင်ဆိုင်သော သို့မဟုတ်လက်ဝယ်ရှိသော၊ သို့မဟုတ် စီရင်ပိုင်ခွင့် သို့မဟုတ် ထိမ်းချုပ်မှုအောက်ရှိ သိုလှောင်ထားသည့် လူကိုထိခိုက်စေသောမိုင်းများ၊ – လူကိုထိခိုက်စေသောမိုင်း အမျိုးအစားနှင့် အရေအတွက် အသေးစိတ်ခွဲခြမ်းစိတ်ဖြာထားမှုနှင့် ဖြစ်နိုင်ပါက မိုင်းခင်းနယ်မြေနံပါတ်များကိုပါ ထည့်သွင်းဖော်ပြရန်၊

(ဂ) ၎င်းစီရင်ပိုင်ခွင့်သို့မဟုတ် ထိမ်းချုပ်မှုအောက်တွင်ရှိသော လူကိုထိခိုက်စေသောမိုင်းများ ပါရှိသည့် သို့မဟုတ် ပါရှိသည်ဟု သံသယရှိသော မိုင်းခင်းနယ်မြေများ ရှိရာဒေသများ၊ – မိုင်းခင်းနယ်မြေတခုစီရှိ လူကိုထိခိုက်စေသောမိုင်း အမျိုးအစားတမျိုးစီနှင့် ၎င်းတို့၏အရေအတွက်နှင့်၊ ၎င်းတို့ကို မည်သည့်အချိန်က ချထားကြောင်းတို့ ဖြစ်နိုင်သမျှသောအတိုင်းအတာတခုအထိ အသေးစိတ် ထည့်သွင်းဖော်ပြရန်၊

(ဃ) လက်ဝယ်ကျန်ရှိနေသေးသော လူကိုထိခိုက်စေသောမိုင်း အမျိုးအစားများ၊ အရေအတွက်နှင့် ဖြစ်နိုင်ပါက မိုင်းခင်းထားသောနေရာနံပါတ်များ၊ သို့မဟုတ် မိုင်းရှာဖွေဖော်ထုတ်ရေး၊ ရှင်းလင်းရေး သို့မဟုတ် မိုင်းဖျက်ဆီးရေးနည်းပညာ သင်တန်းများတွင်အသုံးပြုရန် လွှဲပြောင်းပေးသော၊ ဖျက်ဆီးပစ်ရန် ရည်ရွယ်ချက်ဖြင့် လွှဲပြောင်းပေးသော မိုင်းအရေအတွက်နှင့် အမျိုးအစားများ၊ ထို့အပြင် ပုဒ်မ(၃)နှင့်အညီ လူကိုထိခိုက်စေသောမိုင်းများ လက်ဝယ်ဆက်လက်ထားရှိရန် သို့မဟုတ် လွှဲပြောင်းရန် စာချုပ်အဖွဲ့ဝင်နိုင်ငံမှ အာဏာအပ်နှင်းခံရသော ဌာနများ၊

(င) လူကိုထိခိုက်စေသောမိုင်းများ ထုတ်လုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းကရိယာများ လျှော့ချမှု သို့မဟုတ် အသွင်ပြောင်းလဲမှု အစီအစဉ်၏အခြေအနေ၊

(စ) မိုင်းဖျက်ဆီးမှုတွင် အသုံးပြုမည့် နည်းလမ်းများအကြောင်းအသေးစိတ်၊ မိုင်းဖျက်ဆီးမည့်ကွင်းများတည်ရှိရာနေရာနှင့် ထည့်သွင်းစဉ်းစားရမည့် လုံခြုံစိတ်ချရမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာစံများ အပါအဝင် ပုဒ်မ (၄)နှင့် (၅) တို့နှင့်အညီ လူကိုထိခိုက်စေသော မိုင်းများဖျက်ဆီးမည့် အစီအစဉ်များ၏ အခြေအနေ၊

(ဆ) ဤသဘောတူညီချက်စာချုပ်တွင် အဖွဲ့ဝင်ဖြစ်လာပြီးနောက် ထိုအဖွဲ့ဝင်နိုင်ငံက ဖျက်ဆီးပစ်ပြီးသည့် လူကိုထိခိုက်စေသောမိုင်းများ၏ အမျိုးအစားများနှင့် အရေအတွက်များ၊ – ပုဒ်မ (၄)နှင့် (၅)တို့နှင့်အညီ ဖျက်ဆီးပစ်ပြီးသည့် လူကိုထိခိုက်စေသောမိုင်း အမျိုးအစားတမျိုးစီ၏ အရေအတွက် အသေးစိတ်ခွဲခြမ်းစိတ်ဖြာမှုတို့ကို ဖြစ်နိုင်ပါက လူကိုထိခိုက်စေသောမိုင်းအမျိုးအစား တခုချင်းစီအလိုက် မိုင်းခင်းနယ်မြေနံပါတ်များနှင့်အတူ ဖော်ပြရန်၊

(ဇ) သိနိုင်သမျှအတိုင်းအတာအထိ ထုတ်လုပ်ထားသည့် လူကိုထိခိုက်စေသောမိုင်း တမျိုးစီနှင့် စာချုပ်အဖွဲ့ဝင်နိုင်ငံတခုက လက်တလောတွင် ပိုင်ဆိုင်နေသေးသော သို့မဟုတ် လက်ဝယ်ရှိနေသေးသော မိုင်းများ၏ စက်မှုနည်းပညာပိုင်းဆိုင်ရာ ဝိသေသများ၊ – ထိုသို့သော သတင်းအချက်အလက်များသည် လူကိုထိခိုက်စေသောမိုင်းများကို လက္ခဏာသတ်မှတ်ခြင်းနှင့် ရှင်းလင်းခြင်းပြုရာတွင် ထောက်အကူဖြစ်စေနိုင်သဖြင့်၊ အနည်းဆုံးအားဖြင့် ထိုသတင်းအချက်အလက်များတွင် မိုင်း၏အတိုင်းအတာ၊ ဒဏ်ခံကြိုးစနစ်တပ်ဆင်ထားမှု၊ ပေါက်ကွဲစေအရာ၊ အသုံးပြုသောသတ္တု၊ မိုင်း၏ရောင်စုံဓါတ်ပုံနှင့် မိုင်းရှင်းလင်းရေးလုပ်ရာတွင် အထောက်အကူဖြစ်စေမည့် အခြား သတင်းအချက်အလက်များ ပါဝင်စေရန်၊ နှင့်

(ဈ) ပုဒ်(၅)၊ အပိုဒ်(၂)နှင့် အညီ နယ်မြေသတ်မှတ်ထားချက်နှင့်ပတ်သက်၍ လူထုအား ချက်ခြင်းနှင့် ထိထိရောက်ရောက် သတင်းပေးရန် အသုံးပြုသည့် အကောင်အထည်ဖော်ရေးနည်းနာများ၊

၂။ စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် ဤပုဒ်မပြဋ္ဌာန်းချက်နှင့်အညီ တင်ပြသော သတင်းအချက်အလက်များကို ယမန်နှစ် ပြက္ခဒိန်နှစ်အတွင်းဖြစ်ခဲ့သမျှ ပါအောင်ဖော်ပြမည့် နောက်ဆုံးအခြေအနေများကို နှစ်စဉ် စိစစ်ပြင်ဆင်သွားရမည်ဖြစ်ပြီး၊ နှစ်တိုင်း ဧပြီလ (၃)ရက်နေ့ထက်နောက်မကျပဲ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးထံ အစီရင်ခံတင်သွင်းရမည်။

၃။ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်သည် ထိုသို့လက်ခံရရှိသော အစီရင်ခံစာများအားလုံးကို စာချုပ်အဖွဲ့ဝင်နိုင်ငံများထံသို့ ဖြန့်ချီပေးရမည်။

## ပုဒ်မ(၈) – အားဖြည့်ကူညီခြင်းနှင့် သဘောတူစာချုပ်လိုက်နာဆောင်ရွက်ရေးဆိုင်ရာရှင်းလင်းချက်

၁။ ဤသဘောတူစာချုပ်ပါပြဋ္ဌာန်းချက်များအား အကောင်အထည်ဖော်ရေးရာတွင် အချင်းချင်း တိုင်ပင်ရန်နှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရန်နှင့်၊ ဤသဘောတူစာချုပ်အောက်ရှိ တာဝန်ဝတ္တရားများကို လိုက်နာဆောင်ရွက်ရေးအတွက် အားဖြည့်ကူညီရန် ပူးပေါင်းဆောင်ရွက်ရေးဟူသော စိတ်ဓါတ်အခြေခံပေါ်တွင် အတူလက်တွဲလုပ်ဆောင်ရွက်ကြရန် စာချုပ်အဖွဲ့ဝင်နိုင်ငံများ သဘောတူကြသည်။

၂။ အခြားစာချုပ်အဖွဲ့ဝင်နိုင်ငံတခုက ဤစာချုပ်ပါပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ခြင်းဆိုင်ရာနှင့် ပတ်သက်သော ပြဿနာများကို ရှင်းလင်းချက်ထုတ်ပေးရန်နှင့် ထိုပြဿနာများကိုဖြေရှင်းစေရေး စာချုပ်အဖွဲ့ဝင်နိုင်ငံ တခုသို့ မဟုတ် အများကဆန္ဒရှိလျှင် ထိုကိစ္စနှင့်ပတ်သက်၍ ရှင်းလင်းချက်ထုတ်ပေးရေးတောင်းဆိုချက် တရပ်ကို တောင်းဆိုလိုသောနိုင်ငံက ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးမှတဆင့် ထိုနိုင်ငံထံ တင်သွင်းနိုင်သည်။ ထိုတောင်းခံစာတွင် သင့်တော်လျော်ကပ်သော သတင်းအချက်အလက်များကို ပူးတွဲဖော်ပြထားရမည်။ လုပ်ပိုင်ခွင့် အလွဲသုံးစားမှုကိုရှောင်ရှားသည့်အနေဖြင့် အခြေအမြစ်မရှိသော ရှင်းလင်းချက်ထုတ်ပေးရေး တောင်းဆိုချက်ပြုလုပ်ခြင်းမျိုးကို စာချုပ်အဖွဲ့ဝင်နိုင်ငံက ရှောင်ကျဉ်ရမည်။ ရှင်းလင်းချက်ထုတ်ပြန်ပေးရန် တောင်းဆိုခံရသော စာချုပ်အဖွဲ့ဝင်နိုင်ငံသည် တောင်းဆိုခံရသည့်နေ့မှ (၂၈)ရက်အတွင်း ရှင်းလင်းထုတ်ပေးရန်လိုအပ်သော ကိစ္စနှင့်ပတ်သက်၍ အထောက်အကူဖြစ်စေမည့် သတင်းအချက်အလက်များကို ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးထံမှတဆင့် ရှင်းလင်းချက်တောင်း ခံထားသော စာချုပ်အဖွဲ့ဝင်နိုင်ငံထံ တင်ပြပေးရမည်။

၃။ ရှင်းလင်းချက်တောင်းခံထားသောနိုင်ငံသည် ထိုကာလအတွင်း ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး ထံမှတဆင့် တုံ့ပြန်မှု လက်ခံမရရှိလျှင် သို့မဟုတ် ရှင်းလင်းချက်ထုတ်ပေးရန် တောင်းခံချက်ကို တုံ့ပြန်သော အချက်များမှာ လက်ခံကျေနပ်ဖွယ်မရှိဟု ခံစားရလျှင် ထိုနိုင်ငံသည် နောက်တကြိမ်ကျင်းပသော စာချုပ်အဖွဲ့ဝင်နိုင်ငံများအစည်းအဝေးသို့ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးမှတဆင့် ထိုကိစ္စအား တင်ပြနိုင်သည်။ ရှင်းလင်းချက်ထုတ်ပေးရန်တောင်းဆိုချက်တွင် ပူးတွဲဖော်ပြသော သင့်တင့်လျောက်ပတ်သင့်သည့် သတင်းအချက်အလက်များကိုပါ ပူးတွဲလျက် ထိုတင်ပြချက်ကို စာချုပ်အဖွဲ့နိုင်ငံများအားလုံးထံသို့ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးက ဖြန့်ဝေပေးရမည်။ သတင်းအချက်အလက်များအားလုံးကို ရှင်းလင်းချက်ထုတ်ပေးရန် တောင်းဆိုခံရသော စာချုပ်အဖွဲ့ဝင်နိုင်ငံထံသို့ လည်းပေးပို့ရမည်။ ထိုနိုင်ငံတွင် ပြန်လည်တုံ့ပြန်ရှင်းလင်းနိုင်သော အခွင့်အရေးရှိရမည်။

၄။ စာချုပ်အဖွဲ့ဝင်နိုင်ငံများအစည်းအဝေးရပ်နားထားသောအချိန်ဖြစ်ပါက ထိုကိစ္စနှင့် ပတ်သက်မှုရှိသော စာချုပ်အဖွဲ့ဝင်နိုင်ငံများအနက်မှ မည်သည့်အဖွဲ့ဝင်နိုင်ငံမဆို မိမိနိုင်ငံ၏ ကောင်းမွန်သောယန္တယားများကို အသုံးချ၍ တောင်းဆိုထားသော ရှင်းလင်းချက်ရရှိရေး အားဖြည့်ကူညီခွင့်ပြုရန် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးထံ တောင်းဆိုနိုင်သည်။

၅။ ရှင်းလင်းချက်ထုတ်ပေးရန်တောင်းဆိုသောနိုင်ငံသည် တောင်းဆိုထားသောကိစ္စကို စဉ်းစားရန်အတွက် စာချုပ်အဖွဲ့ဝင်နိုင်ငံများ၏ အထူးအစည်းအဝေး ကျင်းပပေးရန် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးထံ အဆိုပြုတင်ပြနိုင်သည်။ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်သည် ထိုအဆိုပြုချက်ရရှိသောအခါ သက်ဆိုင်ရာစာချုပ်အဖွဲ့ဝင်နိုင်ငံက တင်ပြထားသော သတင်းအချက်အလက်များနှင့် အဆိုပြုတင်ပြချက်များ ပူးတွဲလျက် စာချုပ်အဖွဲ့ဝင်နိုင်ငံများထံ တောင်းဆိုထားသောကိစ္စကို စဉ်းစားရန် ရည်ရွယ်ချက်ဖြင့် စာချုပ်အဖွဲ့ဝင်နိုင်ငံများ၏ အထူးအစည်းအဝေးတရပ် ကျင်းပရန် ဆန္ဒရှိမရှိ မေးမြန်းထားသော အဖြေတောင်းခံချက်နှင့်အတူ ပေးပို့ဖြန့်ဝေရမည်။ ထိုသို့ဖြန့်ဝေမှုပြုလုပ်ပြီးနောက် (၁၄)ရက်အတွင်း စာချုပ်အဖွဲ့ဝင်နိုင်ငံစုစုပေါင်း၏ သုံးပုံတပုံက အထူးအစည်းအဝေးကျင်းပရန် ဆန္ဒရှိကြောင်း ပြသပါက ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးသည် စာချုပ်အဖွဲ့ဝင်နိုင်ငံများ၏ အထူးအစည်းအဝေးကို နောက်(၁၄)ရက်အတွင်း ကျင်းပပေးရမည်။ ဤအစည်းအဝေးအ

ထပြောက်ရန်အတွက် စာချုပ်အဖွဲ့ဝင်နိုင်ငံ ထက်ဝက်ကျော်အများစု အစည်းအဝေးတက်ရောက်ရန် လိုအပ်သည်။

၆။ သက်ဆိုင်ရာ စာချုပ်အဖွဲ့ဝင်နိုင်ငံများမှ တင်ပြလာသော သတင်းအချက်အလက်များကိုထည့်သွင်းစဉ်းစား၍ စာချုပ်အဖွဲ့ဝင်နိုင်ငံများ၏အစည်းအဝေး၊ သို့မဟုတ် လိုအပ်ချက်အရ ကျင်းပသော စာချုပ်အဖွဲ့ဝင်နိုင်ငံများ၏ အထူးအစည်းအဝေးတွင် တောင်းဆိုထားသောကိစ္စကို ရှေ့ဆက်လက်ခံစဉ်းစားရန် ရှိမရှိ ဦးစွာပထမ ဆုံးဖြတ်ရမည်။ အားလုံး၏သဘောတူညီချက်ဖြင့် ဆုံးဖြတ်ချက် ချမှတ်နိုင်ရန်အတွက် စာချုပ်အဖွဲ့ဝင်နိုင်ငံများ၏ အစည်းအဝေး သို့မဟုတ် စာချုပ်အဖွဲ့ဝင်နိုင်ငံများ၏အထူးအစည်းအဝေးတွင် ဖြစ်နိုင်သမျှ ကြိုးပမ်းရမည်။ ထိုသို့အားလုံးသဘောတူညီမှုဖြင့် ဆုံးဖြတ်ချက်ချမှတ်နိုင်အောင် အားထုတ်လင့်ကစား သဘောတူညီချက် တစုံတရာမျှမရရှိပဲဖြစ်နေလျှင် အစည်းအဝေးတက်ရောက်၍ မဲပေးသော စာချုပ်အဖွဲ့ဝင်နိုင်ငံ အများစုထက်ဝက်ကျော် ဆန္ဒမဲဖြင့် ဆုံးဖြတ်ချက်ချမှတ်ရမည်။

၇။ အပိုဒ် (၈)နှင့်အညီ တာဝန်အပ်နှင်းခံရသော အချက်အလက်စုဆောင်းရေးအဖွဲ့များ ဖွဲ့စည်းရေး အပါအဝင် ရှင်းလင်းချက်ထုတ်ပေးရန်တောင်းဆိုထားသောကိစ္စနှင့်ပတ်သက်၍ ဖြေရှင်းရာတွင် မိမိနိုင်ငံ၏ သဘောထား အမြင်များကို ပါဝင်စေရန်အတွက် စာချုပ်အဖွဲ့ဝင်နိုင်ငံများအားလုံးသည် စာချုပ်အဖွဲ့ဝင်နိုင်ငံများ၏အစည်းအဝေး သို့မဟုတ် စာချုပ်အဖွဲ့ဝင်နိုင်ငံများ၏ အထူးအစည်းအဝေးတွင် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ကြရမည်။

၈။ ရှေ့ဆက်၍ ရှင်းလင်းချက်များပေါ်ထုတ်ရန်လိုအပ်နေသေးပါက စာချုပ်အဖွဲ့ဝင်နိုင်ငံများ၏အစည်းအဝေး သို့မဟုတ် စာချုပ်အဖွဲ့ဝင်နိုင်ငံများ၏အထူးအစည်းအဝေးတွင် အစည်းအဝေးတက်ရောက်၍မဲပေးသော နိုင်ငံအများစု၏ဆန္ဒမဲဖြင့် အချက်အလက်စုဆောင်းရှာဖွေရေးအဖွဲ့တရပ်ကို ဖွဲ့စည်းကာ ၎င်း၏လုပ်ပိုင်ခွင့်ကိုပါ တပါတည်းဆုံးဖြတ်ပေးရမည်။ ရှင်းလင်းချက်ထုတ်ပေးရန်တောင်းဆိုခံရသောစာချုပ်အဖွဲ့ဝင်နိုင်ငံက ၎င်းနိုင်ငံနယ်မြေအတွင်း လာရောက်ရန် အချက်အလက်ရှာဖွေစုဆောင်းရေးအဖွဲ့အား မည်သည့်အချိန်၌မဆို ဖိတ်ခေါ်နိုင်သည်။ အပိုဒ် (၉)နှင့် (၁၀)အရ ဖွဲ့စည်း အတည်ပြုထားသော အများဆုံး ကျွမ်းကျင်သူပညာရှင် (၉)ဦးအထိပါဝင်သည့် အချက်အလက်ရှာဖွေစုဆောင်းရေးအဖွဲ့သည် နောက်ဆက်တွဲလိုအပ်နေသေးသော သတင်းအချက်အလက်များကို အဖွဲ့ဖွဲ့စည်းပေးသောနေရာ၌သော်လည်းကောင်း၊ ရှင်းလင်းချက်ထုတ်ပေးရန်တောင်းဆိုခံရသောနိုင်ငံ၏ ထိမ်းချုပ်မှုအောက် သို့မဟုတ် စီရင်ပိုင်ခွင့်အောက်ရှိ စွပ်စွဲထားသော စာချုပ်လိုက်နာဆောင်ရွက်ရေးကိစ္စနှင့် တိုက်ရိုက်ဆက်စပ်နေသည့် အခြားနေရာများ၌သော်လည်းကောင်း စုဆောင်းနိုင်သည်။

၉။ ကမ္ဘာ့ကုလသမဂ္ဂအထွေအထွေအတွင်းရေးမှူးချုပ်သည် စာချုပ်အဖွဲ့ဝင်နိုင်ငံများမှ တင်ပြထားသော ကျွမ်းကျင်သူပညာရှင်များ၏ အမည်၊ လူမျိုးနှင့် အခြားသက်ဆိုင်သော အချက်အလက်များ စာရင်းတခုကို ပြုစုကာ အချိန်ကာလနှင့်ကိုက်ညီအောင် ပြင်ဆင်ဖြည့်စွက်နေရမည်။ ထိုစာရင်းကို စာချုပ်အဖွဲ့ဝင်နိုင်ငံများထံ ဖြန့်ဝေရမည်။ စာချုပ်အဖွဲ့ဝင်နိုင်ငံတခုက စာဖြင့်ရေးသား၍ လက်မခံကြောင်း ၎င်း၏သဘောထားကို စာဖြင့်ရေးသားကြေညာထားခြင်းမရှိလျှင် ထိုစာရင်းတွင်ပါရှိသော မည်သည့်ကျွမ်းကျင်သူပညာရှင်ကိုမဆို အချက်အလက်ရှာဖွေစုဆောင်းရေးအဖွဲ့တွင် ပါဝင်စေရန် သင့်တော်သူအဖြစ် သတ်မှတ်မည်။ အချက်အလက် ရှာဖွေစုဆောင်းရေးအဖွဲ့တွင်ခန့်အပ်မှုကို လက်မခံနိုင်ကြောင်း ခန့်အပ်ခြင်းမပြုမီကြိုတင်၍ ကြေညာထားလျှင်၊ ထိုသို့လက်မခံကြောင်း ကြေညာထားသော ကိစ္စကြောင့် လက်မခံကြောင်းငြင်းပယ်သောနိုင်ငံ၏ နယ်မြေအတွင်းတွင်သော်လည်းကောင်း၊ ထိုနိုင်ငံ၏ စီရင်ပိုင်ခွင့် သို့မဟုတ် ထိမ်းချုပ်မှုအောက်၌ရှိသော အခြားနေရာ၌သော်လည်းကောင်း အချက်အလက် ရှာဖွေစုဆောင်းမည့် အချက်အလက်စုဆောင်းရေးအဖွဲ့များတွင် ထိုကျွမ်းကျင်သူပညာရှင် ပါဝင်ခြင်းမရှိစေရ။

၁၀။ စာချုပ်အဖွဲ့ဝင်နိုင်ငံများ၏အစည်းအဝေး သို့မဟုတ် စာချုပ်အဖွဲ့ဝင်နိုင်ငံများ၏အထူးအစည်းအဝေး၏ မေတ္တာရပ်ခံချက်ရရှိသောအခါ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်သည် တောင်းဆိုခြင်းခံရသော စာချုပ်အဖွဲ့ဝင်နိုင်ငံနှင့်ညှိနှိုင်း၍ ခေါင်းဆောင်အပါအဝင် အချက်အလက်ရှာဖွေစုဆောင်းရေးအဖွဲ့၏ အဖွဲ့ဝင်များကို ခန့်အပ်ရမည်။ အချက်အလက်ရှာဖွေစုဆောင်းရေးအဖွဲ့ဖွဲ့စည်းပေးရန် တောင်းဆိုချက်ပြုလုပ်သောနိုင်ငံ၏ နိုင်ငံသားများ

ကိုသော်လည်းကောင်း၊ ထိုတောင်းဆိုချက်၏ တိုက်ရိုက်အကျိုးသက်ရောက်မှုရှိသော နိုင်ငံ၏နိုင်ငံသားများကို သော်လည်းကောင်း အချက်အလက်ရှာဖွေစုဆောင်းရေးအဖွဲ့တွင် ခန့်အပ်ခြင်းမရှိစေရ။ အချက်အလက်ရှာဖွေစုဆောင်းရေးအဖွဲ့၏ အဖွဲ့ဝင်များသည် ၁၉၄၆ခုနှစ် ဖေဖော်ဝါရီလ (၁၃)ရက်နေ့တွင် လက်ခံအတည်ပြုသော ကမ္ဘာ့ကုလသမဂ္ဂ၏ အခွင့်ထူးနှင့်ကင်းလွတ်ခွင့်များဆိုင်ရာသဘောတူစာချုပ်[4] ၊ ပုဒ်မ(၆)ပါ ခွင့်ထူးနှင့် ကင်းလွတ်ခွင့်များကို ခံစားခွင့်ရှိစေရမည်။

၁၁။ အနည်းဆုံး (၇၂)နာရီ ကြိုတင်အကြောင်းကြား၍ အချက်အလက်ရှာဖွေစုဆောင်းရေးအဖွဲ့ဝင်များသည် တောင်းဆိုခံရသောနိုင်ငံ၏ နယ်မြေအတွင်းသို့ ပထမဆုံးအခွင့်အရေးအနေဖြင့် ရောက်ရှိနိုင်သည်။ အချက်အလက်ရှာဖွေစုဆောင်းရေးအဖွဲ့ကို လက်ခံရန်၊ သယ်ယူပို့ဆောင်ပေးရန်နှင့် နေရာထိုင်ခင်းစီစဉ်ပေးရန်တို့အတွက် တောင်းဆိုခံရသောစာချုပ်အဖွဲ့ဝင်နိုင်ငံအနေဖြင့် လိုအပ်သော အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အစီအမံများ ပြုလုပ်ရမည်။ ထို့အပြင် မိမိနိုင်ငံထိမ်းချုပ်မှုအောက်ရှိနယ်မြေအတွင်းရှိနေစဉ် အချက်အလက်ရှာဖွေစုဆောင်းရေးအဖွဲ့၏ လုံခြုံရေးကို တတ်နိုင်သမျှ အမြင့်ဆုံးစီစဉ်ပေးရန် တာဝန်ရှိသည်။

၁၂။ တောင်းဆိုခံရသော စာချုပ်အဖွဲ့ဝင်နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်မှုကို ထည့်စဉ်းစားရန်မလိုပဲ စွပ်စွဲထားသည့် စာချုပ်လိုက်နာဆောင်ရွက်ရေးကိစ္စနှင့်ပတ်သက်သော သတင်းအချက်အလက်စုဆောင်းရေး လုပ်ငန်းများ၌သာ သီးသန့်အသုံးပြုရန် လိုအပ်သော ကရိယာတန်ဆာများကို တောင်းဆိုခံရသောနိုင်ငံ၏နယ်မြေအတွင်းသို့ အချက်အလက်ရှာဖွေစုဆောင်းရေးအဖွဲ့မှ သယ်ဆောင်သွားနိုင်သည်။ အချက်အလက်စုဆောင်းရေးလုပ်ငန်းတွင် အသုံးပြုမည့် ကရိယာတန်ဆာများအကြောင်းကို အချက်အလက်ရှာဖွေစုဆောင်းရေးအဖွဲ့သည် ၎င်းမရောက်ရှိမီကတည်းကကြိုတင်၍ တောင်းဆိုခံရသောစာချုပ်အဖွဲ့ဝင်နိုင်ငံကို အသိပေးထားရမည်။

၁၃။ စွပ်စွဲထားသည့် စာချုပ်လိုက်နာဆောင်ရွက်ရေးကိစ္စနှင့်ပတ်သက်၍ သတင်းအချက်အလက်များ ပေးနိုင်မည့် ပုဂ္ဂိုလ်များအားလုံးနှင့် တွေ့ဆုံစကားပြောနိုင်သော အခွင့်အလမ်းကို အချက်အလက်ရှာဖွေစုဆောင်းရေးအဖွဲ့ကို အပ်နှင်းကြောင်း သေချာအောင် တောင်းဆိုခံရသောစာချုပ်အဖွဲ့ဝင်နိုင်ငံက အားထုတ်မှုမှန်သမျှ ပြုလုပ်ပေးရမည်။

၁၄။ တောင်းဆိုခြင်းခံရသောစာချုပ်အဖွဲ့ဝင်နိုင်ငံက အချက်အလက်ရှာဖွေစုဆောင်းရေးအဖွဲ့ကို စွပ်စွဲထားသည့်စာချုပ်လိုက်နာဆောင်ရွက်ရေးကိစ္စနှင့်ပတ်သက်သော အချက်များစုဆောင်းရန်ရှိသည်ဟု တွက်ဆရသည့် မိမိနိုင်ငံထိမ်းချုပ်မှုအောက်ရှိ နေရာများနှင့် စက်ရုံများအားလုံးသို့ ဝင်ရောက်ခွင့်ပေးရမည်။ တောင်းဆိုခြင်းခံရသော စာချုပ်အဖွဲ့ဝင်နိုင်ငံက အောက်ပါကိစ္စများနှင့်ပတ်သက်၍ လိုအပ်သည်ဟု ထင်မြင်လျှင် သင့်တော်သော စီမံမှုများ ပြုလုပ်ပေးရမည်။

(က) သတိထားကိုင်တွယ်ရမည့် ကရိယာတန်ဆာများ၊ သတင်းအချက်အလက်နှင့် နယ်မြေများအား ကာကွယ်ပေးရေး၊

(ခ) ဘာသာရေးနှင့်ပတ်သက်သောအထူးအခွင့်အရေးရှိခြင်း၊ ရှာဖွေခြင်းနှင့်သိမ်းယူခြင်းတို့နှင့်ပတ်သက်၍ ကာကွယ်ရန် တောင်းဆိုခြင်းခံရသောစာချုပ်အဖွဲ့ဝင်နိုင်ငံတွင် အခြေခံဥပဒေအရတာဝန်ရှိမှုကိုသော်လည်းကောင်း၊ အခြားသောအခြေခံဥပဒေဆိုင်ရာ အခွင့်အရေးများကိုသော်လည်းကောင်း ကာကွယ်ခြင်း၊

သို့မဟုတ်

(ဂ) အချက်အလက်ရှာဖွေစုဆောင်းရေးအဖွဲ့ဝင်များ၏ ခန္ဓာကိုယ်ကာကွယ်ရေး။ တောင်းဆိုခြင်းခံရသော စာချုပ်အဖွဲ့ဝင်နိုင်ငံက အဆိုပါအစီအမံများ ပြုလုပ်ရန်ရှိပါက၊ အခြားသောနည်းလမ်းများအရ သဘောတူစာချုပ်အားလိုက်နာဆောင်ရွက်နိုင်မည့်ရန်ရှိကြောင်း လက်ခံနိုင်သော အားထုတ်မှုပြသရမည်။

---

[4] Covention on the Privileges and Immunities of the United Nations

၁၅။ တခြားသဘောတူညီမှုမရရှိထားပါက အချက်အလက်ရှာဖွေစုဆောင်းရေးအဖွဲ့သည် သက်ဆိုင်ရာစာချုပ်အဖွဲ့ဝင်နိုင်ငံ၏ နေရာတခုတွင် (၇)ရက်ထက်ကျော်လွန်၍လည်းကောင်း၊ နိုင်ငံ၏နယ်မြေပေါ်တွင် (၁၄)ရက်ထက်ကျော်လွန်၍လည်းကောင်း မနေရ။

၁၆။ အချက်အလက်ရှာဖွေစုဆောင်းရေးလုပ်ငန်းနှင့်လည်း သက်ဆိုင်ခြင်းမရှိသည့်အပြင် လျှို့ဝှက်အဆင့် အဖြစ်သာ တင်ပြသော သတင်းအချက်အားလုံးကို လျှို့ဝှက်အဆင့်အဖြစ် သတ်မှတ်ထားရှိရမည်။

၁၇။ အချက်အလက်ရှာဖွေစုဆောင်းရေးအဖွဲ့သည် ၎င်း၏တွေ့ရှိချက်များကို ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးမှတဆင့် စာချုပ်အဖွဲ့ဝင်နိုင်ငံများ၏အစည်းအဝေး သို့မဟုတ် စာချုပ်အဖွဲ့ဝင်နိုင်ငံများ၏အထူးအစည်းအဝေးသို့ အစီရင်ခံစာ တင်သွင်းရမည်။

၁၈။ စာချုပ်အဖွဲ့ဝင်နိုင်ငံများအစည်းအဝေး သို့မဟုတ် စာချုပ်အဖွဲ့ဝင်နိုင်ငံများ၏အထူးအစည်းအဝေးသည် အချက်အလက်ရှာဖွေစုဆောင်းရေးအဖွဲ့မှ တင်ပြထားသော အစီရင်ခံစာအပါအဝင် သက်ဆိုင်သော သတင်းအချက်အလက်အားလုံးကို ထည့်သွင်းစဉ်းစားရမည်၊ ထို့အပြင် တောင်းဆိုခြင်းခံရသော စာချုပ်အဖွဲ့ဝင်နိုင်ငံအား သတ်မှတ်အချိန်ကာလတခုအတွင်း သဘောတူစာချုပ်လိုက်နာရေးကိစ္စနှင့်ပတ်သက်၍ အရေးယူဆောင်ရွက်မှုများကို စတင်လုပ်ဆောင်ရန် တောင်းခံနိုင်သည်။ ထိုတောင်းဆိုချက်ကို တုံ့ပြန်သည့်အနေဖြင့် တောင်းဆိုခြင်းခံရသော စာချုပ်အဖွဲ့ဝင်နိုင်ငံသည် လုပ်ဆောင်ပြီးသော အရေးယူဆောင်ရွက်မှုများကို အစီရင်ခံတင်ပြရမည်။

၁၉။ အပြည်ပြည်ဥပဒေနှင့်အညီ သင့်တင့်လျောက်ပတ်သော လုပ်ထုံးလုပ်နည်းများကို ကျင့်သုံးခြင်းအပါအဝင် လုပ်ဆောင်ရန်ရှိနေသေးသောကိစ္စကို ရှင်းလင်းရန် သို့မဟုတ် ဖြေရှင်းရန်အတွက် နည်းလမ်းများနှင့် အကောင်အထည်ဖော်နိုင်သောနည်းနာများကို သက်ဆိုင်ရာ စာချုပ်အဖွဲ့ဝင်နိုင်ငံများအား စာချုပ်အဖွဲ့ဝင်နိုင်ငံများ၏ အစည်းအဝေး သို့မဟုတ် စာချုပ်အဖွဲ့ဝင်နိုင်ငံများ၏အထူးအစည်းအဝေးမှ အကြံပေးနိုင်သည်။ အကယ်၍ လက်ဝယ်ရောက်ရှိနေသောကိစ္စသည် တောင်းဆိုခြင်းခံရသော စာချုပ်အဖွဲ့ဝင်နိုင်ငံ၏ ထိမ်းချုပ်မှု ဘောင်ကျော်လွန်နေသော အခြေအနေမျိုးရှိသည်ဟု သတ်မှတ်လျှင်၊ စာချုပ်အဖွဲ့ဝင်နိုင်ငံများ၏အစည်းအဝေး သို့မဟုတ် စာချုပ်အဖွဲ့ဝင်နိုင်ငံများ၏အထူးအစည်းအဝေးသည် ပုဒ်မ(၆)တွင် ပါရှိသော ပူးပေါင်းဆောင်ရွက်ရေးနည်းလမ်းများ အသုံးချခြင်းအပါအဝင် သင့်တော်ရာ အရေးယူဆောင်ရွက်နည်းများကို ထောက်ခံတင်ပြနိုင်သည်။

၂၀။ အပိုင် (၁၈)နှင့် (၁၉)ပါ ပြဋ္ဌာန်းချက်များနှင့်ပတ်သက်၍ အားလုံးသဘောတူညီချက်ဖြင့် ဆုံးဖြတ်ချက် ချမှတ်နိုင်ရန် စာချုပ်အဖွဲ့ဝင်နိုင်ငံများ၏အစည်းအဝေး သို့မဟုတ် စာချုပ်အဖွဲ့ဝင်နိုင်ငံများ၏အထူးအစည်းအဝေးသည် အားထုတ်မှုမှန်သမျှ ပြုလုပ်ရမည်။ သို့မဟုတ်ပါက အစည်းအဝေးတက်ရောက်၍ မဲပေးသော စာချုပ်အဖွဲ့ဝင်နိုင်ငံများ၏ သုံးပုံနှစ်ပုံ ဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။

## ပုဒ်မ(၉)– အမျိုးသား လုပ်ငန်းအကောင်အထည်ဖော် အရေးယူဆောင်ရွက်နည်းများ

ဤသဘောတူစာချုပ်က စာချုပ်အဖွဲ့ဝင်နိုင်ငံတခုအနေဖြင့် မိမိနိုင်ငံစီရင်ပိုင်ခွင့် သို့မဟုတ် ထိမ်းချုပ်မှုအောက်တွင်ရှိသော နယ်မြေပေါ်တွင်လည်းကောင်း လူပုဂ္ဂိုလ်များကလည်းကောင်း မလုပ်ရဟု တားမြစ်ထားသည့် လုပ်ဆောင်ချက်များကို နှိပ်ကွပ်ပစ်ရန်နှင့် ကာကွယ်ရန်အတွက် အပြစ်ပေး အရေးယူပိတ်ဆို့မှု ချမှတ်ခြင်း အပါအဝင် သင့်တော်သော ဥပဒေရေး၊ အုပ်ချုပ်ရေးနှင့် အခြားအရေးယူဆောင်ရွက်ရေးနည်းများ စာချုပ်အဖွဲ့ဝင်နိုင်ငံတိုင်း ချမှတ်ဆောင်ရွက်ရမည်။

## ပုဒ်မ(၁၀)- အငြင်းပွါးမှုများဖြေရှင်းခြင်း

၁။ ဤသဘောတူစာချုပ်ကို အဓိပ္ပါယ်ကောက်ယူခြင်းနှင့်ပတ်သက်၍သော်လည်းကောင်း၊ လက်တွေ့အကောင်အထည်ဖေါ်ခြင်းနှင့်ပတ်သက်၍လည်းကောင်း၊ အငြင်းပွါးမှုတစုံတရာပေါ်ပေါက်လာပါက ဖြေရှင်းနိုင်ရန်အတွက် စာချုပ်အဖွဲ့ဝင်နိုင်ငံများအချင်းချင်း တိုင်ပင်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများ ပြုနိုင်သည်။

၂။ စာချုပ်အဖွဲ့ဝင်နိုင်ငံများ၏အစည်းအဝေးသည် သင့်တော်သည်ဟုထင်မြင်သော မည်သည့်နည်း လမ်းဖြင့်မဆို အငြင်းပွါးမှုဖြေရှင်းကို ကူညီပေးနိုင်သည်။ ထိုနည်းလမ်းများထဲတွင် ကောင်းမွန်သော မိမိနိုင်ငံ၏ လုပ်ငန်းယန္တယားများကို အသုံးပြုခွင့်ပေးခြင်း၊ သဘောတူထားသော ပြဿနာဖြေရှင်းရေး လုပ်ထုံးလုပ်နည်းတိုင်းအတွက် အချိန်ကာလသတ်မှတ်ချက်များ ထောက်ခံတင်ပြချက်နှင့်အတူ ၎င်းတို့ရွေးချယ်သော လုပ်ထုံးလုပ်နည်းများ စတင်ချမှတ်ရေးအတွက် အငြင်းပွါးမှုတွင်ပါဝင်နေသော စာချုပ်အဖွဲ့ဝင်နိုင်ငံများကို တိုက်တွန်းခြင်းတို့ ပါဝင်နိုင်သည်။

၃။ ဤပုဒ်မသည် ဤသဘောတူစာချုပ်၏ အားဖြည့်ကူညီခြင်းနှင့် သဘောတူစာချုပ်လိုက်နာဆောင်ရွက် ရေးဆိုင်ရာရှင်းလင်းချက် ပြဌာန်းချက်များကို ထိခိုက်ခြင်းမရှိစေရ။

## ပုဒ်မ(၁၁)- စာချုပ်အဖွဲ့ဝင်နိုင်ငံများအစည်းအဝေးများ

၁။ အောက်ပါကိစ္စများအပါအဝင် ဤသဘောတူစာချုပ်အား အသုံးချခြင်းနှင့် အကောင်အထည်ဖေါ်ခြင်းနှင့် ပတ်သက်သော မည်သည့်ကိစ္စကိုမဆို စဉ်းစားကြရန် စာချုပ်အဖွဲ့ဝင်နိုင်ငံများ ပုံမှန်တွေ့ဆုံစည်းဝေးကြရမည်။

(က) လုပ်ငန်းလည်ပတ်မှုနှင့် ဤသဘောတူစာချုပ်၏ အခြေအနေ၊

(ခ) ဤသဘောတူစာချုပ်ပါ ပြဌာန်းချက်များအရ တင်သွင်းလာသော အစီရင်ခံစာများနှင့် ပတ်သက်သည့် ကိစ္စများ၊

(ဂ) ပုဒ်မ(၆)အညီ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် အကူအညီများ၊

(ဃ) လူကိုထိခိုက်စေသောမိုင်းများရှင်းလင်းရာတွင် အသုံးပြုမည့် စက်မှုနည်းပညာများ ဖွံ့ဖြိုးတိုးတက်မှု၊

(င) ပုဒ်မ(၈)အရ စာချုပ်အဖွဲ့ဝင်နိုင်ငံများ၏ တင်ပြချက်များ၊ နှင့်

(စ) ပုဒ်မ(၅)တွင် ပြဌာန်းချက်နှင့်အညီ စာချုပ်အဖွဲ့ဝင်နိုင်ငံများ၏ တင်ပြချက်များနှင့် ပတ်သက်သော ဆုံးဖြတ်ချက်များ။

၂။ ပထမဦးဆုံးသော စာချုပ်အဖွဲ့ဝင်နိုင်ငံများအစည်းအဝေးကို ဤသဘောတူစာချုပ် စတင်အသက်ဝင်လာပြီးနောက် တနှစ်ကာလအတွင်း ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်က ကျင်းပပေးရမည်။ ထို့နောက် နောက်ပိုင်းအစည်းအဝေးများကို ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်က ပထမဆုံး ပြန်လည်သုံးသပ်ရေးညီလာခံ ကျင်းပသည်အထိ နှစ်စဉ် ကျင်းပသွားရမည်။

၃။ ပုဒ်(၈)တွင် ပြဌာန်းထားသောအခြေအနေများအောက်တွင် စာချုပ်အဖွဲ့ဝင်နိုင်ငံများ၏ အထူးအစည်း အဝေးကို ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်က ကျင်းပရမည်။

၄။ ဤသဘောတူစာချုပ်နှင့် ကမ္ဘာ့ကုလသမဂ္ဂ၊ ဆက်စပ်မှုရှိသည့် အခြားသောအလားတူ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ဌာနများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့နှင့် ဆက်စပ်မှုရှိသောအလားတူ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများတွင် အဖွဲ့ဝင်မဖြစ်သေးသော နိုင်ငံများကိုလည်း သတ်မှတ်ထားသော စည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဤအစည်းအဝေးများသို့ လေ့လာသူအဖြစ် တက်ရောက်ရန် ဖိတ်ကြားနိုင်သည်။

## ပုဒ်မ(၁၂)– ပြန်လည်သုံးသပ်ရေးညီလာခံများ

၁။ ဤသဘောတူစာချုပ် စတင်အသက်ဝင်လာသောအချိန်မှစ၍ (၅)နှစ်ကြာပြီးနောက် ပြန်လည်သုံးသပ်ရေးညီလာခံကို ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်က ခေါ်ယူကျင်းပရမည်။ ပြန်လည်သုံးသပ်ရေးညီလာခံ တခုနှင့်တခုအကြား ကြားကာလကို (၅)နှစ်ထက်မနည်းခြားထား၍ နောက်ပိုင်း၌ ဆက်လက်ကျင်းပမည့် ပြန်လည်သုံးသပ်ရေးညီလာခံများကို စာချုပ်အဖွဲ့ဝင်နိုင်ငံ တနိုင်ငံ သို့မဟုတ် အများကတောင်းခံလာလျှင် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်က ကျင်းပနိုင်သည်။ ဤသဘောတူစာချုပ်၏ စာချုပ်အဖွဲ့ဝင်နိုင်ငံများအားလုံးကို ပြန်လည်သုံးသပ်ရေးညီလာခံတိုင်းသို့ ဖိတ်ကြားရမည်။

၂။ ပြန်လည်သုံးသပ်ရေးညီလာခံများ၏ရည်ရွယ်ချက်များမှာ အောက်ပါတို့ဖြစ်သည်။
- (က) ဤသဘောတူစာချုပ်၏အဆင့်အတန်းနှင့် လုပ်ငန်းလည်ပတ်မှုကို ပြန်လည်သုံးသပ်ရန်၊
- (ခ) ပုဒ်မ(၁၁) အပိုဒ်(၂)တွင်ရည်ညွှန်းပါရှိသော စာချုပ်အဖွဲ့ဝင်နိုင်ငံများ၏အစည်းအဝေးများကျင်းပရန် လိုအပ်ချက်နှင့် ထိုအစည်းဝေးတခုနှင့်တခုခြားနေရမည့် ကြားကာလ ကိုစဉ်းစားရန်၊
- (ဂ) ပုဒ်မ (၅)တွင်ပြဋ္ဌာန်းထားချက်အရ စာချုပ်အဖွဲ့ဝင်နိုင်ငံများ၏ တင်ပြချက်များအပေါ် ဆုံးဖြတ်ချက်များ ချမှတ်ရန်၊ နှင့်
- (ဃ) လိုအပ်ပါက ဤသဘောတူစာချုပ် အကောင်အထည်ဖော်ရေးနှင့်ပတ်သက်သော အစီရင်ခံစာ၏ နိဂုံးချုပ်ချက်များကို အတည်ပြုရန်။

၃။ ဤသဘောတူစာချုပ်နှင့် ကမ္ဘာ့ကုလသမဂ္ဂ၊ ဆက်စပ်မှုရှိသည့် အခြားသော အလားတူ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ဌာနများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့နှင့် ဆက်စပ်မှုရှိသောအလားတူ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများတွင် အဖွဲ့ဝင်မဖြစ်သေးသော နိုင်ငံများကိုလည်း သတ်မှတ်ထားသော စည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်လည်သုံးသပ်ရေးညီလာခံများသို့ လေ့လာသူအဖြစ် တက်ရောက်ရန် ဖိတ်ကြားနိုင်သည်။

## ပုဒ်မ(၁၃)– ပြင်ဆင်ဖြည့်စွက်ခြင်း

၁။ ဤသဘောတူစာချုပ် စတင်အသက်ဝင်လာပြီးနောက်ပိုင်း မည့်သည့်အချိန်၌မဆို ဤသဘောတူစာချုပ်အား ပြင်ဆင်ဖြည့်စွက်ရေးနှင့်ပတ်သက်၍ မည့်သည့်စာချုပ်အဖွဲ့ဝင်နိုင်ငံမဆို အဆိုပြုတင်ပြနိုင်သည်။ ပြင်ဆင်ဖြည့်စွက်ရန် အဆိုပြုချက်ကို လုပ်ငန်းဆက်သွယ်ဆောင်ရွက်ရေးအဓိပတိ ထံပေးပို့ရမည်။ လုပ်ငန်းဆက်သွယ်ဆောင်ရွက်ရေးအဓိပတိက ထိုအဆိုပြုချက်ကို စာချုပ်အဖွဲ့ဝင်နိုင်ငံများထည့် ဖြန့်ဝေပေးပြီး၊ ပြင်ဆင်ဖြည့်စွက်ရန် အဆိုပြုတင်ပြချက်ကိုစဉ်းစားရန်အတွက် ပြင်ဆင်ဖြည့်စွက်ရေးညီလာခံတရပ်ကျင်းပရန် လိုမလို သဘောထား တောင်းခံရမည်။ ထိုသို့ဖြန့်ဝေပြီးနောက် ရက်ပေါင်း(၃၀)ထက်နောက်မကျစေပဲ အဆိုပြုချက်ကို စဉ်းစားရန် ထောက်ခံကြောင်း စာချုပ်အဖွဲ့ဝင်နိုင်ငံအများစုက လုပ်ငန်းဆက်သွယ်ဆောင်ရွက်ရေးအဓိပတိထံအကြောင်းကြားလျှင် ပြင်ဆင်ဖြည့်စွက်ရေးညီလာခံတရပ်ကို လုပ်ငန်းဆက်သွယ်ဆောင်ရွက်ရေးအဓိပတိက ကျင်းပရမည်။ ထိုညီလာခံသို့ စာချုပ်အဖွဲ့ဝင်နိုင်ငံများအားလုံးကို ဖိတ်ကြားရမည်။

၂။ ဤသဘောတူစာချုပ်နှင့် ကမ္ဘာ့ကုလသမဂ္ဂ၊ ဆက်စပ်မှုရှိသည့် အခြားသောအလားတူ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ဌာနများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့နှင့် ဆက်စပ်မှုရှိသောအလားတူ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများတွင် အဖွဲ့ဝင်မဖြစ်သေးသော နိုင်ငံများကိုလည်း သတ်မှတ်ထားသော စည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြင်ဆင်ဖြည့်စွက်ရေးညီလာခံသို့ လေ့လာသူအဖြစ် တက်ရောက်ရန် ဖိတ်ကြားနိုင်သည်။

၃။ စောလျှင်စွာကျင်းပပေးရန် စာချုပ်အဖွဲ့ဝင်နိုင်ငံအများစုက တောင်းဆိုခြင်းမျိုးမဟုတ်လျှင်၊ ပြင်ဆင်ဖြည့်စွက်ရေး ညီလာခံကို စာချုပ်အဖွဲ့ဝင်နိုင်ငံများ၏အစည်းအဝေး သို့မဟုတ် ပြန်လည်သုံးသပ်ရေးညီလာခံ ပြီးသည်နှင့်တ ပြိုင်နက်တည်း ဆက်လက်ကျင်းပရမည်။

၄။ ဤသဘောတူစာချုပ်အား ပြင်ဆင်ဖြည့်စွက်ချက်မှန်သမျှကို ပြင်ဆင်ဖြည့်စွက်ရေးညီလာခံ တက်ရောက်ကာ မဲ ပေးသော စာချုပ်အဖွဲ့ဝင်နိုင်ငံ သုံးပုံနှစ်ပုံဆန္ဒမဲဖြင့် အတည်ပြုရမည်။ လုပ်ငန်းဆက်သွယ်ဆောင်ရွက်ရေး အမိ ပတိက ထိုသို့အတည်ပြုထားသော ပြင်ဆင်ဖြည့်စွက်ချက်မှန်သမျှကို စာချုပ်အဖွဲ့ဝင်နိုင်ငံများသို့ ပေးပို့ရမည်။

၅။ စာချုပ်အဖွဲ့ဝင်နိုင်ငံအများစုက လက်ခံကြောင်း ဖော်ပြသည့် အကြောင်းကြားချက်ကို လုပ်ငန်းဆက်သွယ် ဆောင် ရွက်ရေးအမိပတိထံ ထုတ်ဖော်တင်ပြလိုက်သောအခါ ဤသဘောတူစာချုပ်အား ပြင်ဆင်ဖြည့်စွက် သည့်အချက် သည် စာချုပ်အဖွဲ့ဝင်နိုင်ငံများအားလုံးအပေါ်တွင် စတင်အကျိုးသက်ရောက်မှု ရှိစေရမည်။ ၎င်းနောက် သဘော တူစာချုပ်အားလက်ခံကြောင်း ထုတ်ဖော်တင်ပြ၍ စာချုပ်အဖွဲ့ဝင်ဖြစ်လာသော နိုင်ငံများအား လုံးအပေါ်တွင် လည်း ပြင်ဆင်ဖြည့်စွက်ချက် အကျိုးသက်ရောက်မှု ရှိစေရမည်။

## ပုဒ်မ(၁၄)– ကုန်ကျစရိတ်များ

၁။ စာချုပ်အဖွဲ့ဝင်နိုင်ငံများ၏အစည်းအဝေး၊ စာချုပ်အဖွဲ့ဝင်နိုင်ငံများ၏အထူးအစည်းအဝေး၊ ပြန်လည်သုံးသပ်ရေး ညီလာခံနှင့် ပြင်ဆင်ဖြည့်စွက်ရေးညီလာခံ ကုန်ကျစရိတ်များကို ကမ္ဘာ့ကုလသမဂ္ဂမှ မှန်မှန်တတ သတ်မှတ်ထား သော အချိုးအစားနှင့်အညီ ထိုအစည်းအဝေး၊ ညီလာခံများသို့ တက်ရောက်နေသော စာချုပ်အဖွဲ့ဝင်နိုင်ငံများ နှင့် ဤစာချုပ်စာချုပ်အဖွဲ့ဝင်နိုင်ငံမဟုတ်သော နိုင်ငံများက ကျခံရမည်။

၂။ ပုဒ်မ(၇)နှင့်(၈) ပြဋ္ဌာန်းချက်လုပ်ငန်းဆောင်ရွက်ချက်များအတွက် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး ချုပ်၏ ကုန်ကျစာရိတ်များနှင့် အချက်အလက်ရှာဖွေစုဆောင်းရေးအဖွဲ့များ၏ ကုန်ကျစရိတ်များကို ကမ္ဘာ့ ကုသမဂ္ဂမှ မှန်မှန်တတ သတ်မှတ်ထားသော အချိုးအစားနှင့်အညီ စာချုပ်အဖွဲ့ဝင်နိုင်ငံများက ကုန်ကျခံရစေမည်။

## ပုဒ်မ(၁၅)– လက်မှတ်ရေးထိုးခြင်း

နော်ဝေးနိုင်ငံ၊ အော်စလိုမြို့တွင် ၁၉၉၇ခုနှစ် စက်တင်ဘာလ(၁၈)ရက်နေ့တွင် ရေးဆွဲခဲ့သော ဤသဘောတူစာချုပ်ကို နိုင်ငံအသီးသီးက သဘောတူကြောင်း လက်မှတ်ရေးထိုးနိုင်ရန် ကနေဒါနိုင်ငံ အော်တာဝါမြို့တွင် ၁၉၉၇ခုနှစ် ဒီဇင်ဘာလ (၃) ရက်နေ့မှ ၁၉၉၉ခုနှစ် ဒီဇင်ဘာလ (၄)ရက်နေ့အထိ လည်းကောင်း၊ ကမ္ဘာ့ကုလသမဂ္ဂဌာနချုပ်တွင် ၁၉၉၉ ခုနှစ်ဒီဇင်ဘာလ (၅)ရက်နေ့မှစ၍ ဤသဘောတူစာချုပ် စတင်အသက်ဝင်လာသည့်အချိန်အထိလည်းကောင်း ကမ်းလှမ်းထားသည်။

## ပုဒ်မ(၁၆)– အတည်ပြုကြောင်းကြေညာခြင်း၊ လက်ခံကြောင်းထုတ်ဖော်ခြင်း၊ အတည်ပြုခြင်းနှင့် ဆက်ခံခြင်း

၁။ ဤသဘောတူစာချုပ်သည် လက်မှတ်ရေးထိုး၍ အတည်ပြုကြောင်းကြေညာခြင်း၊ လက်ခံကြောင်းထုတ်ဖော်ခြင်း သို့မဟုတ် အတည်ပြုခြင်း အတွက် ဖြစ်စေရမည်။

၂။ လက်မှတ်ရေးထိုးခြင်းမရှိသေးသော မည်သည့်နိုင်ငံမဆို သဘောတူစာချုပ်ကို ဆက်ခံခြင်းပြုနိုင်ရန် လမ်းဖွင့်ထား ရမည်။

၃။ အတည်ပြုကြောင်းကြေညာခြင်း၊ လက်ခံကြောင်းထုတ်ဖော်ခြင်း၊ အတည်ပြုခြင်းနှင့် ဆက်ခံခြင်း ပြုကြောင်း အကြောင်းကြားလွှာများကို လုပ်ငန်းဆက်သွယ်ဆောင်ရွက်ရေးအမိပတိထံ တင်သွင်းရမည်။

## ပုဒ်မ(၁၇)– စတင်အကျိုးသက်ရောက်ခြင်း

၁။ အမှတ်စဉ်(၄၀)မြောက် အတည်ပြုကြောင်းကြေညာခြင်း၊ လက်ခံကြောင်းထုတ်ဖော်ခြင်း၊ အတည်ပြုခြင်း သို့မဟုတ် ဆက်ခံခြင်း ပြုကြောင်း အကြောင်းကြားလွှာ တင်သွင်းသောလပြီးနောက် ခြောက်လမြောက်သောလ၏ ပထမဆုံးနေ့တွင် ဤသဘောတူစာချုပ် စတင်အသက်ဝင်စေရမည်။

၂။ အမှတ်စဉ်(၄၀)မြောက် အတည်ပြုကြောင်းကြေညာခြင်း၊ လက်ခံကြောင်းထုတ်ဖော်ခြင်း၊ အတည်ပြုခြင်း သို့မဟုတ် ဆက်ခံခြင်းပြုကြောင်း အကြောင်းကြားလွှာတင်သွင်းပြီးနောက်မှ အတည်ပြုကြောင်းကြေညာခြင်း၊ လက်ခံကြောင်းထုတ်ဖော်ခြင်း၊ အတည်ပြုခြင်း သို့မဟုတ် ဆက်ခံခြင်းပြုကြောင်း အကြောင်းကြားလွှာတင်သွင်းလာသော နိုင်ငံအဖို့မူ ထိုသို့အတည်ပြုကြောင်းကြေညာခြင်း၊ လက်ခံကြောင်းထုတ်ဖော်ခြင်း၊ အတည်ပြုခြင်း သို့မဟုတ် ဆက်ခံခြင်းပြုကြောင်း အကြောင်းကြားလွှာတင်သွင်းပြီးနောက် ခြောက်လမြောက်သောလ၏ ပထမဦးဆုံးနေ့တွင် ဤစာချုပ်စတင်အကျိုးသက်ရောက်စေရမည်။

## ပုဒ်မ(၁၈) – ယာယီ လက်တွေ့

သဘောတူစာချုပ်တခုလုံး စတင်အကျိုးသက်ရောက်မှု ရှိချိန်မတိုင်မီ၊ မည်သည့်နိုင်ငံမဆို အတည်ပြုကြောင်းကြေညာခြင်း၊ ဤစာချုပ်ကို လက်ခံကြောင်းထုတ်ဖော်ခြင်း၊ အတည်ပြုခြင်း သို့မဟုတ် ဆက်ခံခြင်း ပြုကြောင်း ထုတ်ဖော်သော အချိန်မှစ၍ ဤစာချုပ် ပုဒ်မ(၁)၊ အပိုဒ်(၁) ပြဋ္ဌာန်းချက်ကို ယာယီအားဖြင့် လက်တွေ့ စတင်အကောင်အထည်ဖော်ကြောင်း ကြေညာနိုင်သည်။

## ပုဒ်မ(၁၉) – ခြွင်းချက်ထားရှိခြင်း

ဤသဘောတူစာချုပ်၏ ပုဒ်မများကို ခြွင်းချက်ထား၍လက်ခံခြင်းမရှိစေရ။

## ပုဒ်မ(၂၀) – သက်တမ်းနှင့် နှုတ်ထွက်ခွင့်

၁။ ဤသဘောတူစာချုပ်သည် ကာလအကန့်အသတ်မဲ့သောသဘောတူစာချုပ်ဖြစ်သည်။

၂။ စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် မိမိနိုင်ငံအချုပ်အခြာအာဏာ ကျင့်သုံးခွင့်ရှိသည့်အားလျော်စွာ ဤစာချုပ်အဖွဲ့ဝင်နိုင်ငံအဖြစ်မှ နှုတ်ထွက်ခွင့်ရှိစေရမည်။ ထိုသို့နှုတ်ထွက်ကြောင်းကို စာချုပ်အဖွဲ့ဝင်နိုင်ငံများ၊ လုပ်ငန်းဆက်သွယ်ဆောင်ရွက်ရေးအမိပတိနှင့် ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ အကြောင်းကြားရမည်။ နှုတ်ထွက်ရခြင်း၏ အကြောင်းအရင်းများ ရှင်းလင်းချက်အပြည့်အစုံကို နှုတ်ထွက်ကြောင်း အကြောင်းကြားစာတွင် ထည့်သွင်းဖော်ပြရမည်။

၃။ လုပ်ငန်းဆက်သွယ်ဆောင်ရွက်ရေးအမိပတိ အဆိုပါ နှုတ်ထွက်ကြောင်းအကြောင်းကြားစာကို လက်ခံရရှိပြီးနောက် ခြောက်လကြာသောအခါမှ နှုတ်ထွက်မှု စတင်အာနိသင်သက်ရောက်မှုရှိစေရမည်။ သို့သော် ထို

ခြောက်လပြည့်သောကာလ၌ နုတ်ထွက်မည့်နိုင်ငံသည် လက်နက်ကိုင်ပဋိပက္ခ၌ ပါဝင်ပတ်သက်နေလျှင် လက်နက်ကိုင်ပဋိပက္ခမပြီးဆုံးမီ ထိုနုတ်ထွက်မှု အာနိသင် သက်ရောက်မှု မရှိစေရ။

၄။ ဤသဘောတူစာချုပ်၏ စာချုပ်အဖွဲ့ဝင်နိုင်ငံအဖြစ်မှ နုတ်ထွက်ခြင်းသည် နိုင်ငံများအနေဖြင့် အပြည်ပြည်ဆိုင်ရာ ဥပဒေအောက်ရှိ သက်ဆိုင်ရာ စည်းမျဉ်းများအား လိုက်နာရန်ရှိသည့် တာဝန်များအား ဆက်လက်လိုက်နာနေရမှုအား မည်သည့်နည်းနှင့်မျှ အကျိုးသက်ရောက်မှုမရှိစေရ။

## ပုဒ်မ(၂၁) – လုပ်ငန်းဆက်သွယ်ဆောင်ရွက်ရေးအဓိပတိ

ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်သည် ဤသဘောတူစာချုပ်၏ လုပ်ငန်းဆက်သွယ်ဆောင်ရွက်ရေးအဓိပတိအဖြစ် ဤပြဋ္ဌာန်းချက်အရခန့်အပ်ခံရသူဖြစ်သည်။

## ပုဒ်မ(၂၂) – တရားဝင်အဆင့်အတန်းရ ဘာသာကွဲစာမူများ

အားလုံးတန်းတူ တရားဝင်အဆင့်အတန်းရှိသော အာရပ်၊ တရုတ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ရုရှားနှင့် စပိန် ဘာသာများဖြင့် ရေးသားထားသည့် ဤသဘောတူစာချုပ်မူရင်းများ ကမ္ဘာ့ကုလသမဂ္ဂအထွေအထွေအတွင်းရေးမှူးချုပ်ထံ တည်နေစေရမည်။